
# စက်တင်ဘာလ အတွင်း ဖြစ်ပွားခဲ့သော

# စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှုများ


၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် နိုင်ငံတဝှန်းရှိ တိုက်ပွဲဖော်ဆောင်မှုများမှာ ဩဂုတ်လနှင့် နှိုင်းယှဉ်ပါက ၂၆.၅၅ရာခိုင်နှုန်း လျော့ကျခဲ့သည်။ စက်တင်ဘာလအတွင်းတိုက်ပွဲဖော်ဆောင်မှု အများဆုံးတွေ့ရှိရသည့် ဒေသများမှာ စစ်ကိုင်း၊ ရှမ်း(မြောက်)နှင့် မကွေးဒေသတို့ဖြစ်ကြသည်။ စစ်ကိုင်းဒေသရှိ တိုက်ပွဲများမှာ ယခင်လထက် ၄.၅၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး နိုင်ငံတဝှန်း၌ တိုက်ပွဲဖြစ်ပွားမှုအများဆုံး ဒေသအဖြစ်တွေ့ရှိရသည်။ ယခုလတွင် ရှမ်း(မြောက်)ဒေသ၌ တိုက်ပွဲဖြစ်ပွားမှုမှာ ပြီးခဲ့သည့်လနှင့် နှိုင်းယှဉ်ပါက (၂)ဆနီးပါး လျော့ကျခဲ့သော်လည်း နောင်ချိုမြို့နယ်နှင့် သီပေါမြို့နယ်တို့တွင် တိုက်ပွဲများ ဆက်လက်ပြင်းထန်ခဲ့ပြီး ဒုတိယတိုက်ပွဲဖြစ်ပွားမှုအများဆုံးဒေသအဖြစ် တွေ့ရှိရသည်။ စက်တင်ဘာလအတွင်း အဓိကအားဖြင့် တွေ့ရှိရသည့် စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှုများအနက် နှစ်ဘက်အပြန်အလှန်တိုက်ခိုက်မှုများ၊ ဒရုန်းဖြင့်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် လက်နက်ကြီးဖြင့်တိုက်ခိုက်မှုဖြစ်စဉ်များမှာ အများဆုံးဖြစ်ကြသည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှုများမှာ အများဆုံးဖြစ်ပြီး ၎င်းတို့၏ စစ်ရေးပစ်မှတ်အများစုမှာ စစ်ကောင်စီ၏ စစ်ကြောင်းများ၊ စစ်စခန်းများ၊ တပ်ရင်းများ၊ ဗျူဟာကုန်းများ၊ စစ်ဌာနချုပ်များ၊  တပ်စုငယ်များ (သို့) တပ်ဖွဲ့ဝင်များနှင့် ရဲစခန်းများဖြစ်ကြသည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများသည် စက်တင်ဘာလအတွင်း မြို့ (၁) မြို့ကို သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။ ထိတွေ့တိုက်ပွဲများအတွင်း စစ်ကောင်စီနှင့် တော်လှန်ရေးအင်အားစုများ ထိခိုက်သေဆုံးမှုများအပြင် အရပ်သားထိခိုက် သေဆုံးမှုများလည်း ရှိခဲ့သည်။ ထို့အပြင် နှစ်ဘက်ထိတွေ့တိုက်ပွဲများကြောင့်မဟုတ်ဘဲ အရပ်သားများကိုပစ်မှတ်ထားတိုက်ခိုက်ဖမ်းဆီးမှုများကြောင့် ထိခိုက်သေဆုံးမှုများလည်းရှိခဲ့သည်။




ဒေသအလိုက် စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှုအကြိမ်ရေ ပြပုံ

## စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှုများ

၂၀၂၄ခုနှစ်၊ စက်တင်ဘာလတွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် စစ်ကောင်စီတပ်များအကြား တိုက်ပွဲဖြစ်ပွားမှုအကြိမ်အရေအတွက် စုစုပေါင်းအနည်းဆုံး (၅၂၀)ကြိမ် ရှိခဲ့ပါသည်။ အဆိုပါဖြစ်စဉ်များတွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဘက်မှ စစ်ကောင်စီအားပစ်မှတ်ထားတိုက်ခိုက်မှုမှာ (၄၄၀)ကြိမ်ရှိခဲ့ပြီး၊ စစ်ကောင်စီမှ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများကိုတိုက်ခိုက်မှုမှာ (၇၂)ကြိမ်နှင့် လုပ်ဆောင်သည့် အဖွဲ့အစည်းအမည်ကိုမသိရှိရသည့် တိုက်ခိုက်မှုဖြစ်စဉ်များမှာ (၈)ကြိမ်ရှိခဲ့သည်။ စစ်ရေးလှုပ်ရှားမှုနှင့်တိုက်ပွဲဖော်ဆောင်မှု အားအကောင်းဆုံးဒေသများမှာ စစ်ကိုင်း၊ ရှမ်း(မြောက်)နှင့် မကွေးဒေသတို့ဖြစ်ကြပြီး စစ်ကိုင်း (၉၂)ကြိမ်၊ ရှမ်း(မြောက်) (၆၇)ကြိမ်၊ မကွေး (၆၅)ကြိမ်စီ ဖြစ်ပွားခဲ့သည်ကိုတွေ့ရသည်။ ရှမ်း(တောင်)တွင်လည်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ အချင်းချင်းတိုက်ခိုက်ကြသည့်ဖြစ်စဉ် (၄)ကြိမ်ရှိခဲ့သည်။ စက်တင်ဘာလ၌ ရှမ်း(တောင်)၊ ရပ်စောက်မြို့နယ်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော်( Shan State Progress Party/Shan State Army-SSPP/SSA)နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(Restoration Council of Shan State/Shan State Army–RCSS/SSA)တို့အကြား ထိတွေ့တိုက်ပွဲ(၄)ကြိမ်ဖြစ်ပွားခဲ့ကြောင်း သတင်းအရသိရသည်။ ထို့အပြင် စက်တင်ဘာလ၌ စစ်ကောင်စီတပ်သားများ အချင်းချင်းပစ်ခတ်မှုဖြစ်စဉ် (၆)ခုလည်းတွေ့ရှိရသည်။ အဆိုပါပစ်ခတ်မှုများတွင် စစ်ကောင်စီတပ်သားများ အချင်းချင်းပစ်ခတ်ကာ အလင်းဝင်လာသည့် ဖြစ်စဉ်များနှင့် မှားယွင်းပစ်ခတ်သည့်ဖြစ်စဉ်များ ဖြစ်ပွားသည်ကိုတွေ့ရသည်။ စက်တင်ဘာလအတွင်း စစ်ရေးလှုပ်ရှားမှုမရှိသည့်ဒေသမှာ နေပြည်တော် ဖြစ်သည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် စစ်ကောင်စီတပ်တို့၏တိုက်ခိုက်မှုများအပြင် အဖွဲ့အစည်းအမည်မသိရှိရသည့် အဖွဲ့တို့၏ တိုက်ခိုက်မှုအကြိမ်ရေများကို ဒေသအလိုက် အထက်ပါပုံတွင်တွေ့မြင်နိုင်ပါသည်။





ဒေသအလိုက် တိုက်ပွဲဖော်ဆောင်မှုပုံစံများနှင့် အကြိမ်ရေ ပြပုံ

[၁] လက်နက်ကြီးတိုက်ခိုက်မှုဆိုသည်မှာ စစ်ကောင်စီမှအသုံးပြုသောမော်တာများ၊ဟောင်ဝစ်ဇာအမြောက်များ၊ အတွဲလိုက်ဒုံးပစ်လောင်ချာများစသည့် စက်ရုံထုတ်လက်နက်များနှင့် လက်နက်ကိုင်တော်လှန်ရေးတပ်များမှ အသုံးပြုသော အဆိုပါစက်ရုံထုတ်လက်နက်များအပြင် လက်လုပ်တာတို/တာဝေး ဒုံးပစ်လောင်ချာများ၊ ဗုံးပစ်လောင်ချာများစသည့်လက်နက်များ အသုံးပြုတိုက်ခိုက်မှု ဖြစ်ပါသည်။

[၂] ဗုံးဖြင့်တိုက်ခိုက်မှုဆိုသည်မှာ လက်ပစ်ဗုံးများနှင့် လက်လုပ်ဖောက်ခွဲရေးပစ္စည်းများ အသုံးပြုပြီး တိုက်ခိုက်ခြင်းဖြစ်သည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလအတွင်း မြို့နယ်ပေါင်း (၁၁၆)ခုတွင် စစ်ရေးလှုပ်ရှားမှုများနှင့်တိုက်ပွဲဖြစ်ပွားမှုများရှိခဲ့သည်။ စစ်ကောင်စီနှင့်လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအကြား နှစ်ဘက်အပြန်အလှန်တိုက်ခိုက်မှုဖြစ်စဉ်မှာ (၃၃၀)ကြိမ် ရှိသည်ကိုတွေ့ရသည်။ ၎င်းထိတွေ့တိုက်ပွဲများတွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအနေဖြင့် စစ်ကောင်စီ၏တပ်ရင်း၊ တပ်စခန်း၊ ဌာနချုပ်၊ ဗျူဟာကုန်းနှင့် ရဲစခန်း စုစုပေါင်း(၁၉)ခုကို သိမ်းယူနိုင်ခဲ့သည်။ ထို့အပြင် ထိတွေ့တိုက်ပွဲများအတွင်း စစ်ကောင်စီမှ လေကြောင်းအသုံးပြုတိုက်ခိုက်မှုအနည်းဆုံး (၉၂)ကြိမ်ပြုလုပ်ခဲ့သည်။ ဒရုန်းဖြင့်တိုက်ခိုက်မှုဖြစ်စဉ်မှာ ဒုတိယအများဆုံးဖြစ်ပြီး လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ (၆၇)ကြိမ်တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီမှ (၁)ကြိမ်တိုက်ခိုက်ခဲ့သည်။ ထို့အပြင် လက်နက်ကြီးဖြင့်တိုက်ခိုက်မှုဖြစ်စဉ်တွင်လည်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ (၂၅)ကြိမ်တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီမှ (၁၀)ကြိမ်နှင့် အဖွဲ့အစည်းအမည်ကိုမသိရှိရသောတိုက်ခိုက်မှုမှာ (၂)ကြိမ်ရှိခဲ့သည်။ မိုင်းဆွဲတိုက်ခိုက်မှုဖြစ်စဉ်တွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ တိုက်ခိုက်မှုမှာ (၂၄) ကြိမ်၊ စစ်ကောင်စီ၏တိုက်ခိုက်မှုမှာ (၁)ကြိမ်နှင့် အဖွဲ့အစည်းအမည်ကိုမသိရှိရသောတိုက်ခိုက်မှုမှာ (၃)ကြိမ်ရှိခဲ့သည်။ဗုံးဖြင့်တိုက်ခိုက်မှုဖြစ်စဉ်တွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှလုပ်ဆောင်မှုမှာ (၁၃)ကြိမ်ရှိပြီး အဖွဲ့အစည်းအမည်မသိရှိရသော လုပ်ဆောင်မှုမှာ (၃)ကြိမ်ရှိခဲ့သည်။ ဒေသအလိုက်ဖြစ်ပွားခဲ့သော တိုက်ပွဲဖော်ဆောင်မှုပုံစံများကို အထက်ပါပုံတွင် တွေ့မြင်နိုင်ပါသည်။



ဒေသအလိုက် စစ်ရေးပစ်မှတ်များနှင့် တိုက်ခိုက်ခံရမှုအကြိမ်ရေ ပြပုံ

အဆိုပါဖြစ်စဉ်များအတွင်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ စစ်ရေးပစ်မှတ်များကို အများဆုံး ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြပြီး စစ်ကောင်စီ၏ စစ်ကြောင်းများကို (၁၂၉) ကြိမ်၊ စစ်စခန်းများကို (၉၀) ကြိမ် အစရှိသဖြင့် တိုက်ခိုက်ခဲ့သည်ကိုတွေ့ရှိရသည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ ဒေသ အလိုက် တိုက်ခိုက်ခဲ့သော စစ်ရေးပစ်မှတ်များနှင့် အကြိမ်ရေကို အထက်ပါပုံတွင်တွေ့မြင်နိုင်ပါသည်။


## တိုက်ပွဲဖြစ်စဉ်များအတွင်း ထိခိုက်သေဆုံးမှုများ

စက်တင်ဘာလအတွင်း စစ်ကောင်စီတပ်သား အနည်းဆုံး (၃၁၆) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အနည်းဆုံး (၁၀၉၉) ဦး သေဆုံးခဲ့သည်။ ထို့ပြင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ စစ်ကောင်စီတပ်သား (၂၁၇) ဦးအား ဖမ်းဆီးခဲ့ပြီး စစ်ကောင်စီမှ ၎င်းတို့တပ်ဖွဲ့ဝင်အချင်းချင်းဖမ်းဆီးမှုမှာ (၁၂) ဦးရှိခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှလည်း အနည်းဆုံး (၃၈) ဦးဒဏ်ရာရရှိခဲ့ပြီး (၂၉) ဦး သေဆုံးခဲ့သည်။ ထို့အပြင် နှစ်ဘက်တိုက်ပွဲများအတွင်း လေကြောင်း၊ လက်နက်ကြီး၊ လက်နက်ငယ်၊ ဒရုန်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားထိခိုက်သေဆုံးမှုများကိုလည်း တွေ့ရှိရပြီး စက်တင်ဘာလအတွင်း အနည်းဆုံး အရပ်သား (၈၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး (၁၂၄) ဦး သေဆုံးခဲ့ကြောင်း တွေ့ရှိရပါသည်။

## လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည့် မြို့သိမ်းတိုက်ပွဲများ

စက်တင်ဘာလအတွင်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ စစ်ကောင်စီအား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး မြို့(၁) မြို့ကိုသိမ်းယူနိုင်ခဲ့ပါသည်။ စက်တင်ဘာလတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (Kachin Independence Army-KIA) နှင့် ပူးပေါင်းတပ်များသည် ကချင်ဒေသရှိ ချီဖွေ၊ဆော့လော်နှင့်ဖီမော်မြို့တို့မှ စစ်ကောင်စီစခန်းများကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး မြို့သိမ်းတိုက်ပွဲဖော်ဆောင်ခဲ့သည်။ KIA နှင့် ပူးပေါင်းတပ်များ ချီဖွေမြို့ရှိ စစ်ကောင်စီတပ်စခန်း (၅) ခုအား စက်တင်ဘာလ (၂၉) ရက်နေ့တရက်အတွင်း အပြီးသတ်သိမ်းပိုက်နိုင်ခဲ့ပြီး မြို့ကို အလုံးစုံထိန်းချုပ်နိုင်ခဲ့ကြသည်။ နွေဦးတော်လှန်ရေးစတင်သည့်အချိန်မှ စ၍ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအထိ KIA နှင့် ပူးပေါင်းတပ်များသည် ကချင်ဒေသရှိ မြို့လှမြို့၊ ဆင်ဘိုမြို့၊ လွယ်ဂျယ်မြို့၊ ဆွမ်ပရာဘွမ်မြို့၊ ဆဒုံမြို့၊ မိုးမောက်မြို့နှင့် ချီဖွေမြို့များအား သိမ်းပိုက်ထိန်းချုပ်ထားသည်။ ချီဖွေမြို့အား သိမ်းပိုက်နိုင်မှုသည် နွေဦးတော်လှန်ရေးကာလအတွင်း ကချင်ဒေသတွင် (၇) မြို့မြောက် သိမ်းပိုက်ထိန်းချုပ်နိုင်မှုဖြစ်သည်။


# စက်တင်ဘာလအတွင်း စစ်ဆင်ရေးများနှင့်တိုက်ပွဲဖော်ဆောင်မှု အကြိမ်ရေပြပုံ




◆ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှသိမ်းပိုက်ခဲ့သည့်မြို့


## အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် ထိခိုက်သေဆုံးမှုနှင့် ဖမ်းဆီးခံရမှုများ

စစ်ဆင်ရေးများနှင့် တိုက်ပွဲများကြောင့်သာမက စစ်ကောင်စီတပ်များ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ နှင့် အမည်မသိအဖွဲ့အစည်းများမှ အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် ထိခိုက်သေဆုံးမှုများနှင့် ဖမ်းဆီးခံရမှုများလည်းရှိခဲ့သည်။ ထိုသို့ပစ်မှတ်ထား တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် စက်တင်ဘာလအတွင်း အရပ်သားထိခိုက်ဒဏ်ရာရသူ အနည်းဆုံး (၄၄၈)ဦးနှင့် သေဆုံးသူအနည်းဆုံး (၂၆၁) ဦး ရှိခဲ့သည်။ ၎င်းတို့အနက် စစ်ကောင်စီ၏ အရပ်သားများကို ပစ်မှတ်ထား၍ လေကြောင်းအသုံးပြုတိုက်ခိုက်မှုများကြောင့် ထိခိုက်သေဆုံးမှုမှာ စက်တင်ဘာလအတွင်းအများဆုံးဖြစ်ပြီး ဒဏ်ရာရရှိမှုမှာ (၂၈၆)ဦးနှင့် သေဆုံးမှုမှာ (၁၂၄)ဦးရှိခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ်မှ လက်နက်ကြီးအသုံးပြုပစ်ခတ်မှုများကြောင့် ထိခိုက်သေဆုံးမှုမှာ ဒုတိယအများဆုံးဖြစ်ပြီး အရပ်သားအနည်းဆုံး (၉၇) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး (၄၉) ဦး သေဆုံးခဲ့သည်။ ထို့အပြင် ကျူးလွန်ခဲ့သည့် အဖွဲ့အစည်းကို မသိရှိရသည့် အရပ်သားထိခိုက်ဒဏ်ရာရရှိသူ စုစုပေါင်းမှာ (၂၀)ဦးနှင့် သေဆုံးသူ (၂၂)ဦးရှိခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများကြောင့် အရပ်သားထိခိုက်သေဆုံးမှုများလည်းရှိခဲ့ပြီး မန္တလေးတွင် သေဆုံးသူ(၂) ဦး၊ မကွေးနှင့် စစ်ကိုင်းတွင် သေဆုံးသူ (၁) ဦးစီရှိခဲ့ပြီး ရှမ်း(တောင်) တွင် သေဆုံးသူ (၁) ဦးနှင့် ဒဏ်ရာရရှိသူ(၃) ဦးရှိခဲ့သည်။ ထို့အပြင် စက်တင်ဘာလအတွင်း စစ်ကောင်စီတပ်များ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် အမည်မသိအဖွဲ့အစည်းများမှ အနည်းဆုံး အရပ်သား (၁၈၈၄) ဦး ဖမ်းဆီးခဲ့ကြောင်း တွေ့ရှိရသည်။ ၎င်းဖမ်းဆီးခံရမှုများတွင် စစ်ကောင်စီတပ်မှ အရပ်သား(၈၂၆) ဦးအထိ ဖမ်းဆီးခဲ့ပြီး လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ (၁၀၅၇) ဦးနှင့် အမည်မသိရှိရသည့်အဖွဲ့အစည်းများမှ (၁)ဦး ဖမ်းဆီးခဲ့သည်။ The Arakan Express News၏ သတင်းဖော်ပြချက်အရ ရခိုင်၊ဘူးသီးတောင်မြို့နယ်ရှိ ကျေးရွာ(၃)ရွာမှ အရပ်သားရိုဟင်ဂျာ (၁၀၀၀)ခန့်အား အာရက္ခတပ်တော် (Arakan Army-AA) မှ ဖမ်းဆီးချုပ်နှောင်ခဲ့သည် ဟုသိရှိရပါသည်။ စက်တင်ဘာလအတွင်း အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သတ်ဖြတ်မှုများကြောင့် ထိခိုက်ဒဏ်ရာရမှု၊ အသက်သေဆုံးမှုနှင့် ဖမ်းဆီးခံရမှုအရေအတွက်များကို အောက်ပါပုံအတိုင်းတွေ့မြင်နိုင်ပါသည်။




**အရပ်သားများ ပစ်မှတ်ထားတိုက်ခိုက်သတ်ဖြတ်ခံရမှုပုံစံများနှင့် ထိခိုက်သေဆုံးမှုအရေအတွက်များ**

[၃] မိုင်း/မပေါက်ကွဲသေးသောလက်နက်များဖြစ်စဉ်တွင် ပစ်မှတ်မှားမိုင်းဆွဲတိုက်ခိုက်ခြင်းနှင့် မပေါက်ကွဲသေးသော မြေမြှုပ်မိုင်း၊ ဗုံး၊ လက်နက်ကြီးကျည်တို့အပါအဝင် စစ်ကျန်လက်နက်ပစ္စည်းများကြောင့် ထိခိုက်သေဆုံးရခြင်းကို ဆိုလိုပါသည်။




**ပစ်မှတ်ထားတိုက်ခိုက်ခြင်းခံရသော အရပ်သားများ၏ ထိခိုက်သေဆုံးမှုနှင့် ဖမ်းဆီးခံရမှု အရေအတွက်များ ဒေသအလိုက်ပြပုံ**

## သုတေသနနည်းနာ

ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း နိုင်ငံတဝန်းတွင် ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် စစ်ကောင်စီအကြား စစ်ရေးတိုက်ပွဲများနှင့် လူမျိုးစုတော်လှန်ရေးအင်အားစုများ အချင်းချင်းအကြားဖြစ်ပွားခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများကို လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်စဉ်များကို လေ့လာရာတွင် သတင်းဌာန (၄၀) ခုနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ တရားဝင်ထုတ်ပြန်ချက်များမှ တင်ပြထားသည့် သတင်းအချက်အလက်များကိုအခြေခံ၍ ဆန်းစစ်လေ့လာထားခြင်းဖြစ်ပြီး ဖြစ်စဉ်အရေအတွက်များနှင့် ထိခိုက်သေဆုံးမှုအရေအတွက်မှာ မြေပြင်တွင်ပိုမိုများပြားနိုင်ပါသည်။ တိုက်ပွဲဖြစ်စဉ်များ၊ ထိခိုက်သေဆုံးမှု အရေအတွက်များနှင့်ပတ်သက်၍ အတည်မပြုနိုင်သေးသည့် အချက်အလက်များအားချန်လှပ်ထားခဲ့ပြီး အဆိုပါ ဖြစ်စဉ်များနှင့် ထိခိုက်သေဆုံးမှုအရေအတွက်များအား အတည်ပြုနိုင်ပါက ဆက်လက်ထုတ်ပြန်သွားမည့် အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသွားမည် ဖြစ်ပါသည်။

စစ်ကောင်စီနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအကြား ဖြစ်ပွားခဲ့သော စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှုပုံစံများတွင် (၁) နှစ်ဘက်အပြန်အလှန်တိုက်ခိုက်ခြင်း၊ (၂) ဒရုန်းဖြင့်တိုက်ခိုက်ခြင်း၊ (၃) လက်နက်ကြီးဖြင့်တိုက်ခိုက်ခြင်း (၄) မိုင်းဆွဲတိုက်ခိုက်ခြင်း (၅) ဗုံးဖြင့်တိုက်ခိုက်ခြင်းတို့ပါဝင်သည်။ စစ်ရေးတိုက်ပွဲဖော်ဆောင်မှုများကိုရေတွက်ရာတွင် တရက်အတွင်း စစ်ရေးပစ်မှတ်နေရာ (၁) ခုကို စစ်ကောင်စီတပ် သို့မဟုတ် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ တိုက်ခိုက်လျှင် ဖြစ်စဉ် (၁) ခုအဖြစ် သတ်မှတ်ထားသည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဟုဆိုရာတွင် ပြည်သူ့ကာကွယ်ရေးတပ်များနှင့် စစ်ကောင်စီကို တော်လှန်တိုက်ခိုက်နေကြသည့် လူမျိုးစုတော်လှန်ရေးအင်အားစုများလည်းပါဝင်သည်။ အရပ်သားများ၏ ထိခိုက်သေဆုံးမှုများကိုဖော်ပြရာတွင် တိုက်ပွဲဖြစ်စဉ်များအတွင်း အရပ်သား ထိခိုက်သေဆုံးမှုများအပြင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သတ်ဖြတ်မှု များကြောင့် ထိခိုက်သေဆုံးမှုများကိုလည်း သီးခြားကောက်နုတ်ဖော်ပြထားပါသည်။

**ဉာဏ်လင်းသစ်သုတေသနအဖွဲ့သည် နိုင်ငံရေးနှင့် လူမှုဖြစ်စဉ်များကို**
**စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာနေသော အရပ်ဘက်သုတေသနအဖွဲ့အစည်း ဖြစ်သည်။**